သတင်းထောက်ဝင်းမြင့်ကြီး

မြန်မာပြည်မှုခင်းများ(၂)

# ကာမနှင့်ယှဉ်သော လူသတ်မှုများ

တရားခွင်ရောက် ပုဒ်မ ၃၇၆ – ၃၀၂ မှုခင်းများ



သတင်းထောက် ဝင်းမြင့်ကြီး

မြန်မာပြည်မှုခင်းများ -၅

ကာမနှင့်ယှဉ်သော လူသတ်မှုများ

တကယ့် အဖြစ်အပျက်

စုံထောက်စစ်ဆေးမှု

ဥပဒေတရားခွင်

သက်သေထွက်ချက်

တရားသူကြီးများ အမြင်

စီရင်ချက်များ

ဖြတ်ထုံးများ ။

ဤစာအုပ်သည်

ရဲအရာရှိကြီးများ၊

ရဲအမှုထမ်းများ၊

ဥပဒေသင်တန်းသားများ

ဝတ်လုံတော်ရ၊ ရှေ့နေရှေ့ရပ် အကျိုးဆောင်ကြီးများ

လွှို့ဝှက်သည်းဖို စုံထောက်ဝတ္ထု ဝါသနာပါသူများ

အမှန်တကယ် အဖြစ်အပျက်များကို လေ့လာလိုသူများ အတွက်

ကာမဂုဏ်ညစ် ရာဂယစ်၍ အပြစ်မထင် မိန်းမသွင်ကို မြင်လျှင် ချက်ချင်း သတိယွင်းလျက် ဉာဏ်ကင်း လက်လွတ် စျာန်ကြိုး ပြတ်၏။ ယုတ်မြတ်ဟူကြ ဤလောက၌ မိန်းမ၊ ယောကျ်ား ခြားနားမရှိ သားချစ် သိလော့။

မာဃဒေဝလင်္ကာသစ်

# မူလထုတ်ဝေသူအမှာ

လူသားတို့ လိုက်နာစောင့်ထိန်းရန် တရားဥပဒေများကို စည်းကမ်းစနစ် ကန့်သတ်ချက်များ အဖြစ် ပြုလုပ်ထားသော်လည်း လူသားတို့ သည် စိတ်လိုက်မာန်ပါ သတိလက်လွတ် မှုခင်းဖြစ်ရပ်များကို ကျူးလွန်တတ်ကြပေသည် ။

ထိုသို့သော မှုခင်းဖြစ်ရပ်များကို တင်ပြကြခြင်းဖြင့် စာရှုသူတို့ အဖို့ လေ့လာပွားများ သင်ခန်းစာယူကြပြီး ဆင်ခြင်ရှောင်ရှားနိုင်ကြစေရန် ရည်သန်ပါသည် ။

ယခုတင်ဆက်မည့် "ကာမနှင့်ယှဉ်သော လူသတ်မှုများ " စာအုပ်သည် ဖို-မဆက်ဆံရေး စည်းကမ်း ကန့်သတ်ချက်များကို ဖောက်ဖျက်ကျူးလွန်ရာမှ လူ့အသက်တစ်ချောင်းကိုပါ ရက်စက် စွာ သတ်ဖြတ်ပစ်သည့် အထိ ကျူးလွန်ခဲ့ကြသော မှုခင်းဖြစ်ရပ်များ အပြင် အထူးသဖြင့် မျက်မှောက် ခေတ် လူငယ်လူရွယ်တို့ ၏ ဖို-မ ဆက်ဆံရေး ပြဿနာ အရှုပ်အထွေးနှင့် တာဝန်ရှိသော မိဘ အုပ်ထိန်းသူတို့ အနေဖြင့် သင်ခန်းစာရယူ၍ မိမိတို့ သားသမီးများအား ထိန်းသိမ်းကွပ်ကဲ ပညာပေး နိုင်စေမည့်မှုခင်း ဖြစ်ရပ်များကိုလည်း ထည့်သွင်း ဖော်ပြထား ပါသည် ။

**ဆင်ခြင်တုံတရားပွားများ ၍ သင်ခန်းစာရယူနိုင်ပါစေ။**

**မူလထုတ်ဝေသူ**

# စာရေးသူ၏ သဘောထား

ဖို-မ ဆက်ဆံရေးမှ ပေါ်ပေါက်လာရသော မှုခင်းများ အကြောင်းကို ရေးသားရန် တရားခွင်မှ စစ်ဆေး စီရင် ဆုံးဖြတ်ပြီးသော ကာမမှုများ စုဆောင်းထားသည် မှာ ကြာပါပြီ။ စာတစ်အုပ်အဖြစ် ပြုစုနိုင်ရန် စဉ်းစားသည့်အခါအတိုင်း ကောင်းမှ ကောင်းပါမည်လားဆိုသော ဟန့်တားချက်များ ဝင်လာသည် ။

ကာမမှုများ ဆိုသည် မှာ ဖိုမဆက်ဆံရေးအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များ ၊ တားမြစ်ထားသော တရားဥပဒေများကို ဖောက်ဖျက် ကျူးလွန်သောကြောင့် ဖြစ်ပေါ်လာရသည့် မုဒိမ်းမှုများ ပင်ဖြစ်သည် ။ ယင်းအမှုများ အကြောင်းရေးလျှင် "အညှီအဟောက်စာပေ" အတွင်းသို့ ကျရောက်သွားမည်လား ဆိုသော စိုးရိမ်စိတ်က စာရေးသူအား ဟန့်တားထားခဲ့ခြင်း ဖြစ်သည် ။

စာရေးသူသည် တရားခွင်ရောက် မှုခင်းများအား အမှတ်စဉ်တပ်၍ စာအုပ်အဖြစ် ရေးသား ပြုစုလျက်ရှိရာ ဤလို လူသတ်မှုနှင့် ယှဉ်၍ ဖြစ်သော ကာမမှုများ အကြောင်းကိုလည်း ပညာပေး စာအုပ်တစ်အုပ်ဖြစ်အောင် မရေးသင့်ပေဖူးလားဟူသော ထပ်ဆင့်မေးခွန်းတစ်ခု မိမိကိုယ်ကိုယ် မေးမိပါသည် ။ အဖြေက ရေးတော့ရေးသင့်သည် ။ ဘယ်လိုပုံစံမျိုးနှင့် ပညာပေး စာအုပ်တစ်အုပ်ဖြစ် ရန် ပြည်သူသို့ တင်ပြသင့်သနည်းဆိုသော နောက်ဆက်တွဲ မေးခွန်းတစ်ခု ထပ်၍ တိုးလာပြန်

သည် ။

နောက်ဆက်တွဲမေးခွန်းကို မိမိတစ်ယောက်တည်း အဖြေရှာခြင်းထက် ဥပဒေပညာရှင်များ ၊ မိတ်ဆွေ သင်္ဂဟများ နှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာခြင်းက ပို၍ သင့်လျော်မည်ဟု ထင်မြင် သည် ။ ထို့ကြောင့် ရင်းနှီးသော ဥပဒေပညာရှင်များ ၊ မိတ်ဆွေ သင်္ဂဟများ နှင့် တွေ့၍ ဆွေးနွေးခဲ့သည် ။ တွေ့ဆုံဆွေးနွေးခဲ့သည် မှာ ဖို-မ ဆက်ဆံရေးကိုရေးတိုင်း အညှီအဟောက်စာပေ မဖြစ်နိုင်၊ လူ့လောက တည်ဆောက်ထားသည် ကပင် ဖို-မ ဆက်ဆံရေးသည် အရင်းခံကျသည် ။ ဖို-မ ဆက်ဆံရေးကို အကြောင်းပြု၍ ရေးသားကြသော ပညာပေးစာအုပ်များ ဤကမ္ဘာတွင် အများ အပြားရှိသလို ဤနိုင်ငံတွင်လည်း ရှိခဲ့သည် ။

ဥပမာ ဆရာဝန်များ ပြုစုကြသည့် ဆေးစာအုပ်များ တွင် ဖို-မ ဆက်ဆံရေးနှင့် ဆက်စပ်၍ ဖြစ်ပေါ်လာတတ်သော ရောဂါဝေဒနာများ ကြိုတင်ကာကွယ်နိုင်ရန် ပညာပေး ရေးသားကြသည် ။ အရွယ်ရောက်လာသည့် ယောကျ်ား၊ မိန်းမတို့ ၏ ဖို-မ ဆက်ဆံရေးနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်း ကြိုတင်သတိပေး ရေးသားကြသည် ။ ဤသို့သော အရေးအသားမျိုး သည် ကာမဂုဏ်စိတ်ကို နှိုးဆွပေးခြင်းမျိုး မဟုတ်ဘဲ ဖို-မ ဆက်ဆံရေးကို ဆေးပညာရှုထောင့်မှ နေ၍ ပညာပေး ရေးသားကြခြင်းပင် ဖြစ်သည် ။

တရားရုံးရောက် ကာမမှုများ နှင့် စပ်လျဉ်း၍ ရေးရာတွင် ကာမဂုဏ်စိတ် နှိုးဆွသည့် သဘော မပါဘဲ ဖြစ်ရပ်အမှန် မှုခင်းများ အပေါ် စီးပွားရေးရှုထောင့်၊ လူမှုရေးရှုထောင့်၊ တရားဥပဒေရှုထောင့် များမှ ပညာပေး ရေးသားခြင်းဖြင့် စိတ်လိုက်မာန်ပါ လုပ်တတ်သောသူများ အဖို့ ဆင်ခြင်

တုံတရား ရစေနိုင်သည် ။ အညှိအဟောက် စာပေမျိုး မဖြစ်အောင် တင်ပြခြင်းဖြင့် ပညာပေးစာအုပ် ဖြစ်ပေါ် လာနိုင်သည် ဆိုသော အဖြေကို ရရှိလေသည် ။

ထိုကြောင့် ဖို-မ ဆက်ဆံရေးမှ ပေါ်ပေါက်လာရသော မှုခင်းများ သည် တားဆီး၍ မရနိုင်သော မှုခင်းမျိုးလား၊ သို့မဟုတ် တားဆီး၍ ရနိုင်သော မှုခင်းမျိုးလားဆိုသည် ကို စာဖတ်သူများ အနေဖြင့် ဝေဖန်နိုင်စွမ်း ရှိရန် ဖြစ်ပျက်ပြီးခဲ့သော မှုခင်းများကို စုဆောင်းတင်ပြခြင်း ဖြစ်ပါသည် ။ စာဖတ်သူသည် ကာမဂုဏ်စိတ်ကို ရှေ့တန်းတင်၍ ဖတ်ခြင်းထက် ဤ "မှုပြစ်" ကျူးလွန်သူတို့ ၏ အမှုကြောင်းခြင်းရာအပေါ်ဝယ် စီးပွားရေးရှုထောင့်၊ လူမှုရေးရှုထောင့်၊ တရားဥပဒေရှုထောင့်များ ဖြင့် ဝေဖန်သုံးသပ်ခြင်းဖြင့် အမှန်တွေ့ရှိကြပြီး စိတ်လိုက်မာန်ပါ စိတ်အလိုလိုက်၍ လုပ်ချင်သော အကျင့်ဆိုးကို ပြုပြင်နိုင်ကြမည်ဟု ယုံကြည်သောကြောင့် တရားခွင်ရောက် ကာမနှင့်ယှဉ်သော လူသတ်မှုများ စာအုပ်ကို ရေးသားရခြင်း ဖြစ်ပါသည် ။

***